အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
WOMEN'S LEAGUE OF BURMA

# အပြည်ပြည်ဆိုင်ရာ
# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့

အထိမ်းအမှတ် သတင်းထုတ်ပြန်ချက်

၂၀၁၇ ခုနှစ် နိုဝင်ဘာလ (၂၅) ရက်

ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ အထိမ်းအမှတ်တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် "ရက်ရွံ့မှုများ ခါးစည်းခံစား မိန်းမသားများ" ခေါင်းစဉ်ဖြင့် သုံးသပ်ချက်စာတမ်းကို ထုတ်ပြန်လိုက်ပါသည်။ ထိုသုံးသပ်ချက်စာတမ်းသည် မြန်မာ ပြည်တဝှမ်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကြုံတွေ့ခဲ့ကြရသော မိန်းကလေးငယ်အချို့၏ အတွေ့အကြုံများကို မှတ်တမ်းတင်ရန် ရည်ရွယ်ယုံသာမက ထိုရာဇဝတ်မှုများကို တရားဥပဒေ လမ်းကြောင်းအရ ဖြေရှင်းပြီးတရားမျှတမှုရရှိရန် ကြိုးပမ်းသည့်အခါ ၎င်းတို့တွေ့ကြုံရသော စိန်ခေါ်မှုများနှင့် တရားဝင် ဥပဒေ ဘောင်တွင်း တရားစီရင်ရေးတို့၏ အခက်အခဲအတားအဆီးများကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်ပါသည်။ သုံးသပ်ချက်တွင် အမျိုးသမီးများအားအကြမ်းဖက်မှုများကို ရပ်တန့်ရန်အတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် ဥပဒေနှင့် မူဝါဒပိုင်းဆိုင်ရာ ပြုပြင် ပြောင်းလဲမှုကို လုပ်ဆောင်ရန် အကြံပြုတင်ပြထားသည်။

ပဋိပက္ခဖြစ်ပွားခြင်းမရှိသော တိုင်းရင်းသားဒေသများတွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ မှတ်တမ်းမှတ်ရာများအရ သော်လည်းကောင်း၊ ၂၀၁၆ - ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အချက်အလက်များအရသော်လည်းကောင်း မြန်မာပြည် တဝှမ်း ဖြစ်ပွားလျှက်ရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့် ဖြစ်ရပ်များ သည် စိုးရိမ်ဖွယ်များပြားလျက်ရှိပြီး အထူးသဖြင့် မိန်းကလေးငယ်များတွင် ပိုမိုများပြားလျက်ရှိကြောင်း တွေ့ရှိရပါသည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ သုံးသပ်ချက်စာတမ်းအရ တိုင်းရင်းသားဒေသများတွင် လိင်အကြမ်းဖက်မှု ကျူးလွန်သူများကို ဥပဒေကြောင်းအရ ထိထိရောက်ရောက် အရေးယူမှု မရှိခြင်းတို့ကို တွေ့ရှိရသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် တရားမျှတမှုကို ရှာဖွေနိုင်မှုမရှိဘဲ ကျူးလွန်သူများသည် အပြစ်ဒဏ်မှ ဆက်လက်ကင်းလွတ်ခွင့် ရရှိနေသည်။ လွှပ်လပ်ပြီး ထိရောက်သော ဥပဒေစနစ်မရှိခြင်းနှင့် အမျိုးသမီးများကို အကာအကွယ်ပေးသည့် ဥပဒေများ မရှိခြင်းသည် ပြစ်ဒဏ်မှ ဆက်လက်ကင်းလွတ်ခွင့်ရနေသည့် အဓိကအကြောင်းရင်းဖြစ်နေပြီး တရားမျှတမှုကို ရှာဖွေသည့် အမျိုးသမီးများကို ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်ခြင်းနှင့် အတင်းအကျပ် နှုတ်ပိတ်ခြင်းများရှိနေပါသည်။

"တနိုင်ငံလုံးမှာရှိတဲ့ အမျိုးသမီးနဲ့ မိန်းကလေးငယ်များ လက်ရှိကြုံတွေ့နေရတဲ့ တရားမမျှတမှုတွေ ကိုယ်ပိုင်းစိတ်ပိုင်း ကာကွယ်မှုမရရှိမှုတွေက မိန်းကလေးငယ်တွေအတွက် စိတ်ဒဏ်ရာတွေ ရရှိစေပြီးတော့ လူမှုအသိုင်းအဝိုင်းမှာ ပြန်လည် ဝင်ဆန့်နိုင်ဖို့ကိုလည်း ကျမတို့ အရမ်းကို စိုးရိမ်မိတယ်" ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) ၏ အထွေထွေ အတွင်းရေးမှူး ဖြစ်သော လွေးပိုးညိုဝ်းမှ ပြောကြားသည်။

"မည်သူတစ်ဦးတယောက်ကိုမှ ချိုးနှိမ်ဖယ်ကြဉ်ထားခြင်းမပြုရ" ဟူသော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့၏ ဆောင်ပုဒ်နှင့်အညီ အမျိုးသမီးနှင့် မိန်းကလေးငယ် များချိုးနှိမ်ဖယ်ကြဉ်ထားမှုမရှိစေရန်၊ အမျိုးသမီးအခွင့် အရေးများကို ကာကွယ်ပြီး တရားမျှတမှုရရှိစေရန်အတွက် မြန်မာနိုင်ငံအစိုးရအနေဖြင့် စီဒေါကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ပြီး အရေးပေါ်ဦးစားပေးအနေဖြင့် လက်ရှိအမျိုးသမီးနှင့် မိန်းကလေးငယ်တို့၏ အကြမ်းဖက်ခံ သားကောင်တွေအဖြစ်ကနေ တားဆီးကာကွယ်ပေးရေးအတွက် ဆောင်ရွက်ပေးပါရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် အလေးအနက်ထား တောင်းဆိုသည်။

## "ရှက်ရွံ့ မှုများ ခါးစည်းခံစား မိန်းမသားများ" သုံးသပ်ချက်စာတမ်းတွင် အစိုးရအား အောက်ပါအချက်များကို အကြံပြုထားသည်။

၁။ ကလေးများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက် ကျူးလွန်ခံရသူများအတွက် ကျွမ်းကျင်သော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုများအပါအဝင် မျက်မြင်သက်သေ အကာအကွယ်ပေးမှုစသည့် ဝန်ဆောင်မှုများပေးရန်အတွက် နိုင်ငံတော်မှ ရံပုံငွေထားရှိရန်။

၂။ ကလေးသူငယ်ဥပဒေကို ပြန်လည်သုံးသပ်၍ ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်ကျူးလွန်မှုများ အတွက် အနိမ့်ဆုံး ပြစ်ဒဏ်ကို သတ်မှတ်ရန်။

၃။ လိင်ပိုင်းဆိုင်ရာအရကျူးလွန်သော အကြမ်းဖက်မှုများကို ရာဇဝတ်မှုဟု သတ်မှတ်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများ နှင့် ညီစေရန် ရာဇသတ်ကြီးဥပဒေကို ပြန်လည် သုံးသပ်ရန်။

၄။ လွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရဝန်ထမ်းများအကြားတွင် အမျိုးသမီးနှင့် ကလေးများ၏ အခွင့်အရေးများ အကြောင်း အသိပညာမြင့်တင်မှုများကို ဆောင်ရွက်ရန်။

၅။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် ကလေးများ၏ အခွင့်အရေးများအကြောင်းကို မြို့ပြနှင့် ကျေးလက် တိုင်းရင်းသား ဒေသများတွင် လူထုအသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ရန်။

၆။ တိုင်းရင်းသားဒေသများရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် လူ့အခွင့်အရေးနှင့် တန်းတူအခွင့်အရေးကို မြှင့်တင်ရန် လိုအပ်သည့် အရင်းအမြစ်များ ပိုမိုပံ့ပိုးရန်။

၇။ အမျိုးသမီးများအား အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေး ဥပဒေမူကြမ်းကို ဥပဒေအဖြစ် ချက်ချင်းအတည်ပြုရန်နှင့် မြန်မာနိုင်ငံတွင် အမျိုးသမီးနှင့် မိန်းကလေးများ ကို ယင်းဥပဒေက ထိရောက်စွာ ကာကွယ်မှုရှိကြောင်း သေချာမှုစေရန် အမျိုးသမီးအဖွဲ့ အစည်းများနှင့် ဆက် လက်ညှိနှိုင်း တိုင်ပင်လုပ်ဆောင်သွားရန်။

၈။ ရဲအရာရှိများနှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေး ဝန်ထမ်းများအပါအဝင် ကွင်းဆင်း ဝန်ထမ်းနေရာများတွင် အမျိုးသမီး ဦးရေ အရေအတွက်ကို မြှင့်တင်သွားရန်။

၉။ ရဲအရာရှိများ၊ အားပေးနှစ်သိမ့်ဆွေးနွေးမှုပေးသူများနှင့် ကျူးလွန်ခြင်းခံရသူများနှင့် အလုပ်လုပ်ကိုင်ရသော အခြားသော ကွင်းဆင်းဝန်ထမ်းများအား ကလေးနှင့် ကျား-မရေးရာ အမြင်ရှိမှုနှင့်ပတ်သက်သော သင်တန်းများ ဖော်ဆောင်သွားရန်။

၁၀။ တနိုင်ငံလုံးဆိုင်ရာကျန်းမာရေး စောင့်ရှောက်မှု စံနစ်ကို ဖော်ထုတ်ပြီး ထိရောက်စွာ ညီမျှစွာရှိသော စောင့်ရှောက်မှုများ နှင့် ပွင့်လင်းမြင်သာမှုရှိစွာ ဖြန့်ဝေခြင်း၊ ပစ္စည်းကိရိယာ စုံလင်ပြည့်ဝစွာသုံးစွဲနိုင်သည့် လူထုအတွက် ကျန်းမာရေး စောင့်ရှောက်မှုများနှင့် မျိုးဆက်ပွားခြင်းဆိုင်ရာ ကျန်းမာရေး ပညာပေးမှုများလုပ်ဆောင်ရန်နှင့် အထူးသဖြင့် ကျေးလက် ဒေသများတွင် ဦးစားပေးလုပ်ဆောင်ပေးရန်။

ယခုသုံးသပ်ချက်စာတမ်းသည် ပဋိပက္ခမဖြစ်ပွားသော ဒေသများရှိ လိင်အကြမ်းဖက်မှုများကိုသာ အဓိက ထားလေ့လာထား သော်လည်း ပဋိပက္ခဆက်လက်ဖြစ်ပွားနေသော ဒေသများတွင် တပ်မတော်မှ ကျူးလွန်သော မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် ၂၀၀၈ အခြေခံဥပဒေ၏ အကာအကွယ်အောက်တွင် ပြစ်ဒဏ်မှ ဆက်လက်ကင်းလွတ်ခွင့်ရနေသည့် အပေါ် အထူးပင်စိုးရိမ်မိပါသည်။ လက်ရှိဖြစ်ပွားနေသော အခြေအနေသည် မြန်မာ့ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ လူမှု အသိုင်းအဝိုင်း တည်ငြိမ်အေးချမ်းရေးနှင့် အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အဟန့်အတားဖြစ်သည်ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ရှုမြင်သည်။ ထို့ကြောင့် အရပ်သားအစိုးရသည် ထိုရာဇဝတ်မှုများနှင့် အမျိုးသမီးများကို ကာကွယ်ရန်အတွက် မြန်မာ့တပ်မတော်ကို အရပ်ဖက်အုပ်ချုပ်မှုအောက်တွင် ထားရှိရန်နှင့် ကျူးလွန်သူများကို တာဝန်ခံမှု ရှိစေရန် လုပ်ဆောင်ပေးရမည်။

**ဆက်သွယ်ရန်**

နော်ဆဲဆဲ၊ တွဲဖက်အထွေထွေအတွင်း ရေးမှူး ၁ - (+၉၅ ၉ ၂၅၅၈၁၇၀၉ ၂)

မယ့်စိုးစိုးနွယ်၊ မူဝါဒရေးရာဦးဆောင်အဖွဲ့ဝင် - (+၉၅ ၉ ၂၅၄၀၂၂၁၈၀)

တင်တင်ညို၊ မူဝါဒရေးရာဦးဆောင်အဖွဲ့ ဝင် - (+၆၆ ၉ ၉ ၃၉ ၃၄၃၁၈)